**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**
**နေ့စဉ်ဈေးကွက်သတင်းလွှာ**

December 8 , 2023 Volume 73, Number 5

၈.၁၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၅၈၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၃.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၈.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၇.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၇.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၂၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၈၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၃၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၀.၂၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၄၄၈ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ပို့ကုန်ရငွေ အသုံးချခွင့်တိုးမြှင့်ပေးခြင်းက ရော်ဘာကုန်ကြမ်း ပြည်ပတင်ပို့မှု အားကောင်းလာမည်ဟုဆို




မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တစ်မျိုးဖြစ်သည့် ရော်ဘာကုန်ကြမ်း တင်ပို့ရောင်းချမှုမှ ရရှိသော ပို့ကုန်ရငွေကို ၇၀ ရာခိုင်နှုန်းအထိ အသုံးချခွင့်ပေးခြင်းကြောင့် ပြည်ပတင်ပို့မှု လုပ်ငန်းများ ပြန်လည်အားကောင်းလာမည်ဟု ရော်ဘာလုပ်ငန်းရှင်အချို့က ပြောပါတယ်။

ယခင် ငွေလဲနှုန်းမူဝါဒအရ ပို့ကုန်ရငွေ ၅၀ ရာခိုင်နှုန်းကို ဗဟိုဘဏ်သတ်မှတ်နှုန်း ၂၁၀၀ ကျပ်ဖြင့်သာ လဲလှယ်ခဲ့ရသဖြင့် ပြည်ပရော်ဘာကုန်ကြမ်း တင်ပို့မှုလုပ်ငန်းများ အများစုလုပ်ငန်းရပ်ဆိုင်းခဲ့ရတယ်လို့ပြောပါတယ်။ ကာလရှည်စာချုပ်များဖြင့် တင်ပို့မှု အနည်းငယ်ကိုသာ လုပ်ဆောင်ခဲ့ကြပါတယ်။

အခု ၇၀ ရာခိုင်နှုန်းခွင့်ပြုပေးတာ အရှုံးတော့မရှိနိုင်ဘူး။ အမြတ်အစွန်းလည်း အနည်းငယ်တော့ရနိုင်တာပေါ့လို့ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အထွေထွေအတွင်းရေးမှူး ဦးခိုင်မြင့်ကပြောပါတယ်။

ပြည်ပရော်ဘာကုန်ကြမ်းတင်ပို့ရောင်းချမှုသည် မြန်မာနိုင်ငံတွင် နိုင်ငံခြားဝင်ငွေရှာဖွေပေးနေသည့် လုပ်ငန်းတစ်ခုဖြစ်သလို ပြည်တွင်းမှာ အလုပ်အကိုင် အခွင့်အလမ်းများလည်း ဖန်တီးပေးနေသည့် လုပ်ငန်းကဏ္ဍတစ်ခုဖြစ်ပါတယ်။

ပြည်တွင်းကထွက်ရှိတဲ့ ရော်ဘာကို တရုတ်နိုင်ငံအပါအဝင် အင်ဒိုနီးရှား၊ စင်ကာပူ၊ ဂျပန်၊ အိန္ဒိယ၊ ထိုင်ဝမ်နိုင်ငံတို့ကို ပင်လယ်ရေကြောင်းနဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းတွေကနေ တင်ပို့ရောင်းချနေခြင်းဖြစ်ပြီး လက်ရှိမှာတော့တရုတ်ကို နယ်စပ်လမ်းကြောင်းကနေ တင်ပို့မှုရပ်ဆိုင်းနေပါတယ်။

ရော်ဘာစိုက်ပျိုးမှုအနေနဲ့ တစ်နိုင်ငံလုံးမှာ စိုက်ဧကအနေနဲ့ ၁ သန်းနဲ့ ၆ သိန်းကျော်ရှိပြီး ပြည်ပတင်ပို့မှုက တစ်နိုင်ငံလုံးရဲ့အထွက်နှုန်း ၉၄ ရာခိုင်နှုန်းရှိပါတယ်။ ရော်ဘာစိုက်ပျိုးတဲ့ ဒေသတွေကတော့ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ကရင် ပြည်နယ်တွေမှာ အဓိကစိုက်ပျိုးပြီး ရန်ကုန်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မှာလည်း စိုက်ပျိုးပါတယ်။ လက်ရှိပြည်တွင်းမှာ ရော်ဘာဈေးကွက်ပေါက်ဈေးက ရော်ဘာတစ်ပေါင်ကို ကျပ် ၁၆၄၀ ကနေ ကျပ် ၁၆၅၀ အထိ ဈေးရှိနေတယ်လို့ သိရပါတယ်။

Source: AMIA #Awba

## ဥရောပဈေးကွက်သို့ ပဲတီစိမ်းတင်ပို့ရန် ကုမ္ပဏီ ၁၀ ခု အဆိုပြုထား

ယခုနှစ် ပဲစိုက်ပျိုးရာသီရာမှာ မြန်မာ့ပဲတီစိမ်းကို ဥရောပသမဂ္ဂနိုင်ငံတွေဆီ တင်ပို့ရောင်းချဖို့အတွက် ပုဂ္ဂလိကကုမ္ပဏီ ၁၀ ခုက အဆိုပြုထားကြောင်း ပဲ/နှမ်းလုပ်ငန်းရှင်အသိုင်းအဝိုင်းကနေ သိရှိရပါတယ်။

ဥရောပနိုင်ငံတွေက မြန်မာ့ပဲတီစိမ်းကို ပဲပင်ပေါက်ဖောက်ကာ စားသုံးကြတာဖြစ်ပြီး ဥရောပဈေးကွက်ကနေ နှစ်စဉ် ပဲတီစိမ်းတန်ချိန် ၈,၀၀၀ ခန့် ဝယ်လိုအားရှိနေတာပါ။

အရင်နှစ်တွေက နှစ်တိုင်းအမှာက ကျသွားတာမျိုးမရှိဘူး။ ဒီနှစ်မှာလည်း ဥရောပသမဂ္ဂနိုင်ငံတွေကို တင်ပို့ဖို့ဆောင်ရွက်နေပါတယ်လို့ ပဲတီစိမ်းတင်ပို့မယ့်ကုမ္ပဏီတစ်ခုက ပြောပါတယ်။

မြန်မာ့ပဲတီစိမ်းကို နယ်သာလန်၊ အိုင်ယာလန်၊ အင်္ဂလန်၊ ဂျာမနီနိုင်ငံတို့က အများဆုံးဝယ်ယူကြပြီး အခြားသော ဥရောပကုန်သည်တွေနဲ့ချိတ်ဆက်ကာ ပြန်လည်ဖြန့်ဖြူးရောင်းချခြင်းတွေလည်း ရှိပါတယ်။

ဥရောပနိုင်ငံတွေက မြန်မာ့ပဲတီစိမ်းကို ပဲပင်ပေါက်ပြုလုပ်ပြီးစားသုံးကြလို့ အီးယူဈေးကွက်က သတ်မှတ်ထားတဲ့ အရည်အသွေးစံချိန်စံညွှန်းတွေနဲ့ကိုက်ညီမှုရှိတဲ့ Guide Line တွေအတိုင်း တင်ပို့ရောင်းချရတာပါ။

အီးယူဈေးကွက်ကို ပဲပင်ပေါက်ဖောက်ဖို့ မြန်မာ့ပဲတီစိမ်းတင်ပို့ခြင်းကို ၂၀၁၄ ခုနှစ်မှာ စတင်ဆောင်ရွက်ခဲ့ပြီး ယခုနှစ်၊ အောက်တိုဘာလကုန်အထိ တန်ချိန် (၇၄,၀၀၀) ကျော် တင်ပို့ထားပြီးပြီလို့ စားသုံးသူရေးရာဦးစီးဌာနရဲ့ ပြောကြားချက်အရ သိရှိရပါတယ်။

Source: BETV Business

## ပို့ကုန်ရငွေ ၅၀ ရာခိုင်နှုန်းအစား ၃၅ ရာခိုင်နှုန်းကို မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်နိုင်ဟု ဗဟိုဘဏ် ထပ်မံသတ်မှတ်

ပြည်တွင်းမှ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၅၀ ရာခိုင်နှုန်းအစား ၃၅ ရာခိုင်နှုန်း ကိုသာ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်နိုင်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဒီဇင်ဘာ ၆ ရက် ညပိုင်းက ထုတ်ပြန်ထားသည်။

ယင်းထုတ်ပြန်ချက်တွင် ပို့ကုန်တင်ပို့သူများ ပို့ကုန်ရငွေပမာဏ၏ ၅၀ ရာခိုင်နှုန်းကို မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ယခုနှစ် ဇူလိုင် ၁၃ ရက်တွင် သတ်မှတ်ခဲ့ပြီး ယခုအခါ ပို့ကုန်ရငွေပမာဏ၏ ၅၀ ရာခိုင်နှုန်းအစား ၃၅ ရာခိုင်နှုန်းကို မြန်မာကျပ်ငွေဖြင့်လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အရင်က ၆၅၊ ၃၅ တုန်းက အဆင်မပြေဘူး။ ၅၀၊ ၅၀ မှာကျတော့ နည်းနည်းလေး တိုးတက်လာတယ်။ အခု ၃၅ ဆိုတော့ ပိုအဆင်ပြေတာပေါ့ဟု ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက စံတော်ချိန်အစ်ဂျစ်တယ်သို့ ပြောသည်။

အဆိုပါ အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်ဖြစ်ပြီး လိုက်နာခြင်းမရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဗဟိုဘဏ်၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်ရငွေပမာဏ ၏ ၆၅ ရာခိုင်နှုန်းကို မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် အမိန့်ကြော်ငြာစာ အမှတ် (၃၆/၂၀၂၂) ဖြင့် ယမန်နှစ် ဩဂုတ် ၅ ရက်က သတ်မှတ်ခဲ့သည်။

ထို့နောက် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၆၅ ရာခိုင်နှုန်းအစား ၅၀ ရာခိုင်နှုန်းကို မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ဖြင့် ယခုနှစ် ဇူလိုင် ၁၃ ရက်တွင် သတ်မှတ်ညွှန်ကြားခဲ့ပြီး ယခုတစ်ကြိမ်ပြင်ဆင်လိုက်ခြင်းမှာ နှစ်နှစ်အတွင်း သုံးကြိမ်မြောက်ပြင်ဆင်လိုက်ခြင်းဖြစ်သည်။

ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်များအနေဖြင့်လည်း နိုင်ငံခြားငွေကြေးဈေးကွက် (Online Trading) တွင် အရောင်းအဝယ်ပြုလုပ်ရာ၌ ငွေလဲလှယ်နှုန်းကို ဗဟိုဘဏ်က သတ်မှတ်ပေးမည်မဟုတ်ဘဲ ဈေးကွက်အတွင်း နိုင်ငံခြားငွေရောင်းချလိုသူနှင့် ဝယ်ယူလိုသူတို့မှတင်သွင်းသော ငွေလဲလှယ်နှုန်းပေါ် မူတည်၍ Market rate အတိုင်း လွတ်လပ်စွာဆောင်ရွက်ရန် ဒီဇင်ဘာ ၅ ရက်တွင် ဗဟိုဘဏ်က ဘဏ်များအား အကြောင်းကြားထားသည်။

လက်ရှိတွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့ကြီးများ၌ စက်သုံးဆီရှားပါးပြတ်လပ်မှုများဖြင့် ကြုံတွေ့နေရခြင်းကြောင့် ဗဟိုဘဏ်က နိုင်ငံခြားသုံးငွေနှင့်ပတ်သက်သည့်မူဝါဒများ ပြင်ဆင်ပြောင်းလဲလာခြင်းဖြစ်ကြောင်း ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်ပြောဆိုသည်။

**Source:** https://t.me/sdtimedaily

## ပို့ကုန်မူဝါဒအပြောင်းအလဲကြောင့် ပို့ကုန် ပဲ၊ နှမ်းများ ဈေးအနည်းငယ်မြင့်တက်လာ

ပို့ကုန်မူဝါဒအပြောင်းအလဲကြောင့် ဒေါ်လာဈေးမြင့်တက်လာတာနှင့်အတူ ပို့ကုန်ပဲများ ဈေးအနည်းငယ်မြင့်တက်လာကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

ဒီဇင်ဘာ ၅ ရက်က ပြောင်းလဲလိုက်သည့် ပို့ကုန်မူဝါဒကြောင့် နိုင်ငံငွေဈေးမြင့်တက်လာရာ ပို့ကုန်ပဲများဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံနှင့်နှမ်းနက်များမှာ ဈေးမြင့်တက်လာသော်လည်း ပြည်တွင်းသုံးပဲများမှာ ပုံမှန်ပေါက်ဈေးသာရှိနေသည်။

ပို့ကုန်မူဝါဒအပြောင်းအလဲကြောင့် ၃၅-၆၅ ရာခိုင်နှုန်း သတ်မှတ်လိုက်တာကြောင့် ဒေါ်လာပေါက်ဈေး မြင့်တက်လာတာနှင့်အတူ ပို့ကုန်ပဲများ၊ နှမ်းများ ဈေးမြင့်တက်လာကြောင်း လက်ရှိအချိန်တွင် ပဲအသစ်များ အဝင်မရှိသေးသော်လည်း ပဲစင်းငုံမှာ နယ်ဈေး ကြိုရောင်း၊ ကြိုဝယ် သုံးတင်းတစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ ခန့်ပေါက်ဈေးရှိနေပြီး အဝယ်သမားများ ယင်းပေါက်ဈေးကို အဝယ်လိုက်နေကြောင်း၊ ပြည်တွင်းသုံး ပဲမာလိုင်းများမှာ အသစ်ဝင်မရှိသေးသလို အရောင်းအဝယ်အေးနေကြောင်း၊ သွင်းကုန် ကနေဒါစားတော်ပဲမှာလည်း ဈေးမြင့်တက်လာကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်က ပြောသည်။

“ပြည်တွင်းငွေလဲနှုန်း မြင့်တက်လာတာနဲ့အတူ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးမြင့်တက်လာပါတယ်။ ပို့ကုန်ပဲ၊ နှမ်းတွေအဓိက ဈေးမြင့်တက်လာတာပါ။ ဒီဇင်ဘာ ၆ ရက်က ပြောင်းလဲလိုက်တဲ့ ကုန်သွယ်ရေးမူဝါဒက ၃၅-၆၅ ရာခိုင်နှုန်း အပြောင်းကြောင့် စက်သုံးဆီဈေးတွေ ဈေးမြင့်တက်လာတာပါ။ နှမ်းနက်တစ်အိတ်ကို ငွေကျပ် ၁၅၀၀၀၀ ခန့် ဈေးမြင့်တက်သွားပါတယ်။ ပဲစင်းငုံမှာ ဈေးကွက်အတွင်း အသစ်ဝင်ရောက်မှုမရှိသေးပေမဲ့ ကြိုရောင်း၊ ကြိုဝယ်ဈေးကွက်မှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ ခန့် ပေါက်ဈေးရှိနေပါတယ်”ဟု ၎င်းကပြောသည်။

ဒီဇင်ဘာ ၇ ရက်ပေါက်ဈေးများမှာ သုံးတင်းဝင် မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂,၈၅,၀၀၀-၂,၉၀,၀၀၀ ပေါက်ဈေးအထိ ဈေးမြင့်တက်နေပြီး ပဲစင်းငုံမှာ ဈေးကွက်အတွင်း ဝင်ရောက်ခြင်းမရှိသေးသော်လည်း နယ်ကြိုရောင်း၊ ကြိုဝယ်ဈေးကွက်မှာ သုံးတင်းတစ်အိတ်လျှင် ငွေကျပ် ၂,၇၀,၀၀၀ ပေါက်ဈေးရှိနေသည်။ ပဲတီစိမ်းအညာ ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀ ပေါက် ဈေးဖြင့် ဈေးမြင့်တက်နေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ပုံမှန်ဈေးသာရှိနေပြီး ဒီဇင်ဘာ ၇ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ V7 တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂,၅၈,၀၀၀၊ ၉၂၉ ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂,၆၂,၀၀၀ ပေါက်ဈေးဖြင့် ဈေးကျဆင်းနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်း များမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၄,၁၀,၀၀၀၊ ပဲထောပတ် တစ်အိတ်လျှင် ငွေကျပ် ၄,၅၀,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃,၃၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃,၃၀,၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂,၈၀,၀၀၀၊ မြေပဲအနီလုံးဆန်(မြင်းမူ) တစ်ပိဿာလျှင် ငွေကျပ် ၆,၀၀၀-၆,၃၀၀ ပေါက်ဈေး မြင့်တက်လာသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ပို့ကုန်ငွေလဲနှုန်းမြင့်တက်လာတာနှင့်အတူ နှမ်းမျိုးစုံ ဈေးမြင့်တက်လာရာ ဒီဇင်ဘာ ၇ ရက်တွင် နှမ်းဖြူ(ရိုးရိုး) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃,၅၅,၀၀၀၊ နှမ်းညို(သစ်)တစ်အိတ်လျှင် ငွေ ကျပ် ၂,၈၀,၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၃,၄၅,၀၀၀ ပေါက်ဈေးအထိ ဈေးမြင့်တက်ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် ဂျပန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၄ လအတွင်း ပထမဆုံးအကြိမ် မြင့်တက်ခဲ့

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း ဂျပန်နိုင်ငံ၏ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ပြီး ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက မြင့်တက်ခဲ့ကာ ၄ လတာကာလအတွင်း ပထမဆုံးအကြိမ် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း ဂျပန်နိုင်ငံ၊ ပြည်ထဲရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ၂၄-၁၁-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။

အဆိုပါသတင်းတွင် လတ်ဆတ်သည့်အစားအစာများကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိသည့် ဂျပန်နိုင်ငံ၏ စက်တင်ဘာလအတွက် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁၃ လတာကာလအတွင်း အနိမ့်ဆုံးနှုန်းအဖြစ် ၂ ဒသမ ၈ ရာခိုင်နှုန်း ရှိခဲ့ကြောင်း၊ ယခု အောက်တိုဘာလတွင် ငွေကြေးဖောင်းပွမှုနှုန်း ပြန်လည်မြင့်တက်လာရခြင်းမှာ လောင်စာဆီနှင့် လျှပ်စစ်ဓာတ်အားခနှုန်းထားများအပေါ် အစိုးရကအထောက်အပံ့ပေးသည့် အစီအစဉ်များလျော့နည်းကျဆင်းလာခြင်းကြောင့်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထို့အတူ ဟိုတယ်ခများမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၄၂ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ပြည်ပမှ ခရီးသွားများလာရောက်မှုမြင့်တက်ခဲ့ခြင်းနှင့် ကိုဗစ်-၁၉ အလွန်ကာလတွင် အစိုးရက ပြည်တွင်းခရီးသွားလာမှုမြှင့်တင်နိုင်ရေး အားပေးသည့် အစီအစဉ်များကြောင့် ဟိုတယ်ခများမှာ ယခင်လနှင့်နှိုင်းယှဉ်ပါက ၁၇ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ လတ်ဆတ်သည့် အစားအစာများကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိသည့် စားသောက်ကုန်ဈေးနှုန်းများမှာ စက်တင်ဘာလတွင် ၈ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ အောက်တိုဘာလတွင် ၇ ဒသမ ၆ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ကြောင်း၊ ဂျပန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ဂျပန်ဗဟိုဘဏ်၏ သတ်မှတ်နှုန်းထားဖြစ်သည့် ၂ ရာခိုင်နှုန်းအထက်သို့ ၁၉ လဆက်တိုက်ရောက်ရှိခဲ့ကြောင်း ဖော်ပြထားပါသည်။

ကုန်စည်များအားလုံးကို ထည့်သွင်းတွက်ချက်ထားသည့် ဂျပန်နိုင်ငံ၏ငွေကြေးဖောင်းပွမှုနှုန်းမှာ အောက်တိုဘာလတွင် ၃ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ စားသောက်ကုန်နှင့်လောင်စာဆီဈေးနှုန်းများကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိသည့် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၄ ရာခိုင်နှုန်းရှိခဲ့ကြောင်း ဖော်ပြထားပါသည်။

အလုပ်ရှင်နှင့်အလုပ်သမားသမဂ္ဂအကြား ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီးသည့်အတွက် ၂၀၂၄ ခုနှစ် နွေဦးအကုန်တွင် လစာနှုန်းထားများတိုးမြှင့်ပေးရန် ဂျပန်ဝန်ကြီးချုပ်ခီရှီဒါအနေဖြင့် မျှော်လင့်ထားပြီး ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေကိုလည်း အလေးထားစောင့်ကြည့်လျက်ရှိကြောင်း ဖော်ပြထားပါသည်။ ဂျပန်နိုင်ငံ၏ လစာနှုန်းထားများမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက စက်တင်ဘာလတွင် ၂ ဒသမ ၉ ရာခိုင်နှုန်းသို့ကျဆင်းခဲ့ပြီး ၁၈ လဆက်တိုက်ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

**သုံးသပ်တင်ပြချက်**

အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အားခနှင့်လောင်စာဆီဈေးနှုန်းများ လျော့ကျစေရေးအတွက် အထောက်အပံ့ပေးသည့် အစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိသော်လည်း သွင်းကုန်ဈေးနှုန်းမြင့်မားမှုကြောင့် ဝယ်ယူသုံးစွဲသူများအပေါ် သက်ရောက်နိုင်မှုမှာ မျှော်မှန်းထားသည်ထက် များပြားလျက်ရှိသည့်အတွက် ငွေကြေးဖောင်းပွမှုနှုန်းမှာ ဆက်လက်မြင့်တက်နိုင်မည်ဖြစ်ပါသည်။ လောင်စာဆီဈေးနှုန်းများမြင့်တက်လာခြင်းနှင့် ၂၀၂၄ ခုနှစ်တွင် အစိုးရက စွမ်းအင်ဈေးနှုန်းများအပေါ် ထောက်ပံ့ပေးမှုအစီအစဉ်များ လျော့နည်းလာနိုင်မည်ဖြစ်သည့်အတွက် ဂျပန်နိုင်ငံ၏ နှစ်စဉ်ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၄ ဘဏ္ဍာနှစ်အထိ ဂျပန်ဗဟိုဘဏ်၏ သတ်မှတ်နှုန်းထားဖြစ်သည့် ၂ ရာခိုင်နှုန်းကို ဆက်လက်၍ ကျော်လွန်ရောက်ရှိနိုင်မည်ဖြစ်ပါသည်။

**Source: The  Nikkei Asia (၂၄-၁၁-၂၀၂၃)**

**(သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)**

## ဗီယက်နမ်ကော်ဖီတင်ပို့မှု စံချိန်သစ်တင်ရန်မျှော်လင့်

ဗီယက်နမ်နိုင်ငံ၏ ကော်ဖီတင်ပို့မှုသည် ၂၀၂၃ ခုနှစ်အတွင်း ယခင်နှစ် တင်ပို့ခဲ့သည့် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄ဘီလီယံစံချိန်ကိုကျော်လွန်ကာ စံချိန်သစ်တင်နိုင်မည်ဟု မျှော်လင့်ရသည်။ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏အဆိုအရ ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ကော်ဖီတန်ချိန် ၁ ဒသမ ၃၆ သန်းတင်ပို့ခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံနီးပါးရရှိခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၃-၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကော်ဖီသီးနှံသစ်ကိုစတင်ခဲ့ပြီး နိုင်ငံ၏ကော်ဖီတင်ပို့မှု ဈေးနှုန်းမှာ သိသိသာသာ မြင့်တက်လာခဲ့သည်။ ကော်ဖီတင်ပို့သည့်ဈေးနှုန်းသည် အောက်တိုဘာလတွင် တစ်တန်လျှင် ၃,၆၀၃ ဒေါ်လာသို့ စံချိန်တင်မြင့်မားခဲ့ပြီး၊ လစဉ် ၈ ဒသမ ၉ ရာခိုင်နှုန်းနှင့် ယခင်နှစ် အလားတူကာလထက် ၄၀ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ဗီယက်နမ်သည် ကော်ဖီစိုက်ပျိုးဧရိယာဟက်တာ ၇,၁၀,၀၀၀ ကျော်ဖြင့် ကမ္ဘာပေါ်တွင် အဆင့်(၆)နေရာတွင်ရှိနေသော်လည်း ၎င်း၏အထွက်နှုန်းမြင့်မားမှုကြောင့် ကော်ဖီအထွက်နှုန်းမှာ ဒုတိယအများဆုံးဖြစ်သည်။ သို့သော်လည်း စုစုပေါင်း ဧရိယာအတွင်း ဟက်တာ ၁,၈၅,၀၀၀ သာ အမျိုးအစားကွဲပြားသော ကော်ဖီစိုက်ပျိုးမှုများအတွက် ရေရှည်တည်တံ့သော ထုတ်လုပ်မှုလက်မှတ်များကို ရရှိခဲ့ပါသည်။

ကျွမ်းကျင်သူများက နိုင်ငံတကာဈေးကွက်များ၏ တင်းကျပ်သောလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ထိုကဲ့သို့သော ဧရိယာများကို တိုးချဲ့ရန်လိုအပ်ကြောင်း အကြံပြုထားသည်။

လက်ရှိတွင် EU သည် ဗီယက်နမ်၏ ကော်ဖီအများဆုံးတင်သွင်းသူဖြစ်ပြီး ၎င်းနောက်တွင်အမေရိကန်နှင့်ဂျပန်တို့ ပါဝင်သည်။ တရုတ်နိုင်ငံသို့ ကော်ဖီတင်ပို့မှုသည် မြင့်မားသောအချိုးအစားတွင် မပါဝင်သော်လည်း ဗီယက်နမ်စီးပွားရေး လုပ်ငန်းများသည် တစ်နှစ်လျှင် ပျမ်းမျှ ၂၅ ရာခိုင်နှုန်းကျော် တင်သွင်းသည့် ဤဈေးကွက်ကို အာရုံစိုက်နေကြသည်။

ကမ္ဘာ့ကော်ဖီဈေးကွက်သည် ပြိုင်ဆိုင်မှုပြင်းထန်နေပြီး ဗီယက်နမ်ရှိ စီးပွားရေးလုပ်ငန်းများအပြင် အခြားကော်ဖီ ထုတ်လုပ်သည့်နိုင်ငံများသည် ၎င်းတို့၏ထုတ်ကုန်များကိုကွဲပြားစေရန်နှင့် တင်းကျပ်သောအရည်အသွေးစံနှုန်းများနှင့်ယှဉ်ပြိုင်ရန် လိုအပ်ကြောင်း ဖော်ပြထားပါသည်။

ကော်ဖီဈေးကွက်ကျွမ်းကျင်သူ Nguyen Quang Binh အဆိုအရ လက်ရှိတွင် E.U နှင့် အမေရိကန်ကဲ့သို့သော အဓိက ဈေးကွက်များသည် ကော်ဖီစေ့များတင်သွင်းခြင်းအစား ပြုပြင်ထားသောကော်ဖီတင်သွင်းမှုသို့ပြောင်းလဲကာ ၎င်းတို့၏ စားသုံးမှု လိုအပ်ချက်ကိုလိုက်၍ တင်သွင်းလျက်ရှိပါသည်။

ထို့ကြောင့် ဗီယက်နမ်သည် ကော်ဖီထုတ်ကုန်များ၏တန်ဖိုးကို မြှင့်တင်ရန်နှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှု အတွက်ရည်မှန်းရန် ကော်ဖီထုတ်ကုန်ပြုပြင်ထုတ်လုပ်သည့် စက်ရုံများတွင် ရင်းနှီးမြှုပ်နှံမှုကို ဦးစားပေးဆောင်ရွက်ရမည် ဖြစ်သည်။ ဗီယက်နမ်သည် ကော်ဖီထွက်ကုန်များ၏တန်ဖိုးကို တိုးမြင့်လာစေရန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ရရှိရန်အတွက် ပြုပြင်ထုတ်လုပ်သည့်စက်ရုံများတွင် ရင်းနှီးမြှုပ်နှံမှုကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။ ဆိုလိုသည်မှာ ကော်ဖီ၏အရည်အသွေး၊ အရသာနှင့်ရနံ့တို့ကို မြှင့်တင်ပေးနိုင်သောနည်းပညာများနှင့်အခြေခံအဆောက်အအုံများတွင် ရင်းနှီး မြှုပ်နှံခြင်းအပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုလျှော့ချနိုင်ပြီး ကော်ဖီစိုက်တောင်သူများအတွက် လူမှုဖူလုံရေး တိုးတက် ကောင်းမွန်စေမည့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးအလေ့အကျင့်များတွင် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဗီယက်နမ်သည် ပြောင်းလဲလာသော ကမ္ဘာလုံးဆိုင်ရာ စားသုံးသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရုံသာမက ကမ္ဘာ့ကော်ဖီဈေးကွက်တွင် ၎င်း၏ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ကာ ကော်ဖီလုပ်ငန်းတွင် ရေရှည် တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

**Source: VN Express international**

**(စီးပွားရေးသံမှူး၊ ဗီယက်နမ်)**

# STOCK EXCHANGE (8.12.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 8th Dec. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,880 (Shares) | 14,554,300 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +100 | +1.15% | 8,600 | 8,800 | 8,600 | 359 | 3,117,200 | 33,109,694 | 291,365 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 434 | 1,258,600 | 38,929,150 | 112,895 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 3 | 22,200 | 10,400,986 | 76,967 |
| FPB | 00004 | 1,600 | +0 | +0.00% | 1,650 | 1,650 | 1,550 | 3,455 | 5,383,850 | 29,664,613 | 47,463 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 0 | 0 | 12,823,224 | 30,135 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 404 | 808,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 72 | 345,600 | 10,497,598 | 50,389 |
| MAEX | 00008 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 2,153 | 3,618,850 | 23,804,946 | 39,278 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 8th Dec. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.99 | +1.12 | +0.31% | 364.66 | 365.63 | 361.48 | 6,880 | 14,554,300 | 8 | 688,447 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 8th Dec. 2023

| Trading Volume | Trading Value |
|---|---|
| 6,880 (Shares) | 14,554,300 (MMK) |

## Main Board

As of 1:00 pm, 8th Dec. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,880 (Shares) | 14,554,300 (MMK) |

| MYANPIX | 364.99 ▲ 1.12 |
|---|---|
| Total Volume (shares) | 6,880 |
| Total Value (MMK) | 15 mil |
| Listed Company | 8 |
| Market Cap. (MMK) | 688,447 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 100 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,600 | ▲ 0 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,650 | ▼ 50 |